## သင်၏ လျှောက်ထား တောင်းဆိုချက်ကို စစ်ဆေး သုံးသပ် ဆုံးဖြတ်ပုံ

သင်၏ လျှောက်ထားတောင်းဆိုချက်ကို လူမှုဖူလုံရေး အစိုးရဌာန(SSA)က အဆင့်တိုင်းတွင် အောက်ပါ စစ်ဆေးနည်းများဖြင့် စစ်ဆေး သုံးသပ် ဆုံးဖြတ်ပါမည်။

**အဆင့်(၁)၊ သင်အလုပ် လုပ်နေလား။** အကယ်၍ သင်သည် တစ်လလျှင် ဝင်ငွေ ဒေါ်လာ ၁၀၀၀ ရနေပါက လူမှုဖူလုံရေးဌာနမှ သင့်အား မသန်စွမ်းသူ ဟူ၍ **မသတ်မှတ်ပါ**။ အကယ်၍ ထိုဝင်ငွေထက် နည်းပါက သင့်အနေဖြင့် အကျိုးခံစားခွင့် ရနိုင်ပါသည်။ အကယ်၍ သင်သည် အလုပ်ကို အချိန်တိုခဏ ကြိုးစားလုပ်ပြီး (ထိုသို့ လုပ်ခဲ့စဉ်က တစ်လလျှင် ဝင်ငွေ ဒေါ်လာ ၁၀၀၀ (သို့) ဒေါ်လာ ၁၀၀၀ ကျော်ရခဲ့သော်လည်း) ရှေ့ဆက်မလုပ်နိုင်ခဲ့ပါက အကျိုးခံစားခွင့် ရနိုင်ပါသည်။

**အဆင့်(၂)၊ သင့်တွင် ပြင်းထန်သော ချွတ်ယွင်းမှု ရှိပါသလား။**
သင်၏အလုပ်မလုပ်နိုင်မှုသည်စိတ်ပိုင်းဆိုင်ရာကြောင့်သော်လည်းကောင်း၊ကိုယ်ခန္ဓာပိုင်းဆိုင်ရာကြောင့်သော်လည်းကောင်းသို့မဟုတ် နှစ်မျိုးလုံးကြောင့်သော်လည်းကောင်း ဖြစ်ရပါမည်။ သင်၏အခြေအနေကို စစ်ဆေးသုံးသပ်သည့် အချိန်တွင် လူမှုဖူလုံရေး အစိုးရဌာန (SSA) က သင်၏ ဆရာဝန်ထံမှ ဆေးမှတ်တမ်းစာများကို ကြည့်ရှုပါမည်။ သင့်တွင် ကျန်းမာရေး အခက်အခဲ များစွာရှိနေနိုင်ပြီး ကျန်းမာရေး အခြေအနေတစ်ခုစီကို ကြည့်လျှင် မသန်စွမ်းသူဟု မသတ်မှတ်နိုင်သော်လည်း ကျန်းမာရေးအခြေအနေ အားလုံးခြုံလိုက်ပါက မသန်စွမ်းသူ ဟူ၍ သတ်မှတ်နိုင်ပါသည်။

**အဆင့်(၃)၊ ''စာရင်း''။** လူမှုဖူလုံရေး အစိုးရဌာန(SSA) မှ မသန်စွမ်းသူဟူ၍ ကြိုတင်ပြီး သတ်မှတ်ထားသော အချက်များရှိပါသည်။ အကယ်၍ သင်သည် ထိုအချက်များထဲမှ အချက်တစ်ခုခုနှင့် ကိုက်ညီပါက သင့်အား မသန်စွမ်းသူဟူ၍ လူမှုဖူလုံရေး အစိုးရ ဌာန (SSA) က သတ်မှတ်ပါမည်။
သို့သော် အနည်းငယ်မျှသော သူများသာ ဤအဆင့်တွင် ပြီးမြောက်ပါသည်။ လူအများစုသည် အဆင့် ၄ နှင့် ၅ အထိ ဆက်သွားရပါသည်။

**အဆင့်(၄)၊ သင်အရင်ကလုပ်ခဲ့သော မည်သည့် အလုပ်ကို မဆို အခု လုပ်နိုင်ပါသလား။** လွန်ခဲ့သော ၁၅ နှစ်အတွင်း သင်လုပ်ခဲ့သော အလုပ်များကို သင် ယခု လုပ်နိုင်မလား ဟူ၍ လူမှုဖူလုံရေး အစိုးရဌာန(SSA) မှ လေ့လာ ဆုံးဖြတ်ပါမည်။ သင်လုပ်ခဲ့သော အလုပ်မျိုး ယခု မရှိတော့ရင်လည်း စိတ်ပူရန် မလိုပါ။ လူမှုဖူလုံရေး အစိုးရဌာန (SSA)မှ သင် အရင်လိုအလုပ်မျိုး လုပ်နိုင်ခြင်း ရှိမရှိကိုသာ ကြည့်ခြင်းဖြစ်ပါသည်။ အကယ်၍ သင့်အနေဖြင့် အရင်အလုပ် တစ်ခုခုကို လုပ်နိုင်ပါက သင်အား **မသန်စွမ်းသူ ဟူ၍ သတ်မှတ်မည် မဟုတ်ပါ**။ အရင်အလုပ်တစ်ခုခုကိုမလုပ်နိုင်ပါက လူမှုဖူလုံရေး အစိုးရဌာန(SSA)မှ အဆင့် ၅ သို့ ရှေ့ဆက် ဆောင်ရွက်ပါမည်။

**အဆင့်(၅)၊သင်လုပ်နိုင်သောအခြားအလုပ်များရှိပါသလား**
အကယ်၍သင်သည် အရင်လုပ်ခဲ့သောအလုပ် တစ်ခုခုကို မလုပ်နိုင်ပါက လူမှုဖူလုံရေး အစိုးရဌာန (SSA) အနေနှင့် သင်သည် အခြားသောအချိန်ပြည့် အလုပ်တစ်ခုခုကို ကျန်းမာရေး ချွတ်ယွင်းနေလျက် လုပ်နိုင်ကြောင်း အထောက်အထားပြနိုင်ရပါမည်။ လူမှုဖူလုံရေး အစိုးရဌာန (SSA)မှဤသို့ အထောက်အထားပြရန်မရှိပါက သင်သည် မသန်စွမ်းသူ ဖြစ်ပါသည်။

လူများအား ဥပဒေ အကြောင်း အသိပေးခြင်းသည် အရေးကြီးသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

ကျွန်ုပ်တို့၏ အင်တာနက်ဝက်ဘ်စာမျက်နှာတွင် လူမှုဖူလုံရေး–ဆိုရှယ်စကူရေတီ အကြောင်း၊ အလုပ်သမား နှစ်နာကြေး အကြောင်း နှင့် ထိခိုက်ရှနာမှုများနှင့် ပတ်သက်သော အသုံးဝင်သော အချက်အလက်များ ပါရှိပါသည်။
www.stc-law.com

ဤစာဆောင်အား ရေးသားထုတ်ဝေ သူမှာ ဥပဒေရှေ့နေ ရှယ်ရာကွန်း Cheryl Coon ဖြစ်ပြီး သူမသည်
**SWANSON, THOMAS, COON & NEWTON**
**ဥပဒေအမှုဆောင်ရှေ့နေများ အဖွဲ့အစည်း**မှ ဖြစ်ပါသည်။

820 SW 2nd Avenue
Suite 200
PORTLAND, OREGON 97204
TELEPHONE: 503-228-5222

# သင်သည် မသန်စွမ်းသူ ဖြစ်ပါသလား ?

# ? ? ?

သင် အမြဲတမ်းသိချင်နေသော
**ဆိုရှယ်စကူရေတီ မသန်စွမ်းမှု**
လူမှုဖူလုံရေး အကြောင်းအရာများ

သို့သော် မည်သူ့ ကို မေးရမည် မသိ ဖြစ်နေခြင်း!

Cheryl F. Coon
SWANSON, THOMAS, COON & NEWTON
Attorneys at Law

820 SW 2nd Avenue
Suite 200
Portland, OR 97204

TELEPHONE: 503-228-5222
www.stc-law.com

*‘‘မိမိတို့ ထိန်းချုပ်၍ မရနိုင်သော အရာများကြောင့် ဖြစ်ပေါ်လာသောလိုအပ်ချက်များ၊ ဒုက္ခအခက်အခဲများနှင့် ကြုံတွေ့နေသူတိုင်းကို အတိုင်းအတာ တစ်ခုအထိ အကူအညီ အကာအကွယ် ပေးရန်မှာ လွတ်လပ်သောလူ့ဘောင်အဖွဲ့အစည်း၏ မရှောင်လွှဲနိုင်သော တာဝန်ဝတ္တရားတစ်ခု ဖြစ်သည်ဟုအသိအမှတ်ပြုခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်ပါသည်။’’*

*-- သမ္မတ ဟယ်ရီ ထရူးမန်း*

## <u>သင့်အားကူညီမည့် အစီအစဉ် ၂ ခု</u>

သင်အား မသန်စွမ်းသူဟု လူမှုဖူလုံရေး အစိုးရ ဌာနမှ သတ်မှတ်ပါက အောက်ပါ အစီအစဉ် တစ်ခု သို့မဟုတ် နှစ်ခုလုံးစီမှ ထောက်ပံ့ကြေးငွေ ရရှိနိုင်ပါသည်။

၁။ **ပုဒ်မ ၂။ လူမှုဖူလုံမှု အာမခံကြေး၊ <u>မသန်စွမ်း ဆိုရှယ် စကူရေတီ အာမခံကြေး (SSDI):</u>** အလုပ်ပုံမှန် လုပ်ကိုင်မှု ရာဇဝင် ရှိသူများအတွက် ဖြစ်သည်။ အလုပ်ကြာရှည် လုပ်ခဲ့လေလေ အကျိုးခံစားနိုင်ခွင့်ပမာဏ ပိုများလေလေ ဖြစ်သည်။

၂။ **<u>ပုဒ်မ ၁၆။ လူမှုဖူလုံမှု အပို ဝင်ငွေ(SSI):</u>** အချိန်ခဏတာသာအလုပ်လုပ်ဖူးသူများ၊ ရေရှည်အလုပ်မလုပ်ဖူးသူများ(သို့) လုံးဝ အလုပ်မလုပ်ဖူးသူများအတွက် ဖြစ်သည်။ လူနေမှုစရိတ်မြင့်တက်မှု အပေါ်မူတည်၍ တစ်နှစ်နှင့်တစ်နှစ် အကျိုးခံစားနိုင်မှုပမာဏ ကွာခြားမည်။ အကျိုးခံစားမှု ရနိုင်ရန် သတ်မှတ်ထားသော ငွေကြေးဆိုင်ရာ စည်းကမ်းများနှင့် ကိုက်ညီရမည်။

## <u>မသန်စွမ်းသူအဖြစ် သတ်မှတ်ချက်များ</u>

သင်သည်

၁။ အလုပ်မလုပ်နိုင်ခြင်း **နှင့်**

၂။ ကိုယ်ခန္ဓာ (သို့) စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှု ရှိနေခြင်း **နှင့်**

၃။ ထိုချို့ယွင်းမှု သည် အနည်းဆုံး ၁၂ လ မျှ ကြာမြင့်ခြင်း (သို့) သေဆုံးသည်အထိ ဖြစ်နိုင်ခြင်း ရှိပါက သင်အား လူမှုဖူလုံမှု ဥပဒေ အရ မသန်စွမ်းသူဟု သတ်မှတ်ပါသည်။

## <u>ဘယ်အချိန်မှာ လျှောက်သင့်သလဲ</u>

အခြား အစိုးရအလုပ်ဌာန အများစုအတိုင်း လူမှုဖူလုံရေး ဌာနသည်လဲ လုပ်ငန်း မြန်မြန်ဆန်ဆန် ပြီးမြောက်မှုမရှိပါ။ ထို့ကြောင့် သင်သည် အလုပ်ကို အနည်းဆုံး တစ်နှစ်ခန့် မလုပ်နိုင်မှန်းကြိုသိပါက စောစီးစွာ လျှောက်လွှာတင်ထားသင့်ပါသည်။ များသောအားဖြင့် (အထူးသဖြင့် သင်သည် အသက် ၅၀ အောက်ဖြစ်ပါက) ပထမဆုံး တင်သော လျှောက်လွှာသည် ငြင်းပယ်ခံရပါမည်။ ယခုလို အပယ်ခံရပြီးနောက် သင်၏ လျှောက်လွှာသည် အဆင့် များစွာ ဖြတ်သန်းရပါမည်။ နောက်ဆုံး ဆုံးဖြတ်ချက် အဖြေ ရရန် လများစွာ သို့မဟုတ် နှစ်များစွာ ကြာမြင့်နိုင်ပါသည်။

## <u>လျှောက်လွှာတင်ရန် အဆင့်များ</u>

**၁၊<u>လျှောက်လွှာ</u>။*။**လျှောက်လွှာတင်ရန် ဤနံပါတ်ကိုခေါ်ပါ **၁-၈၀၀-၇၇၂-၁၂၁၃**။ လူမှုဖူလုံရေး ဌာနမှ သင့်ကို ဆက်သွယ်ပြီး တွေ့ဆုံမေးမြန်းရန် ရက်ချိန်းပေးပါမည်။ အစဦး ဆုံးဖြတ်ချက်ကျရန် ပုံမှန်အားဖြင့် ၄ လမျှ စောင့်ရပါသည်။ ဤအဆင့်တွင် ခန့်မှန်းချေ လျှောက်လွှာ သုံးပုံနှစ်ပုံသည် ပယ်ချခြင်းခံရပါသည်။ သင့်လျှောက်လွှာ အပယ်ခံရပါက **ပယ်ချခံရသည့်ရက်မှ ရက် ၆၀အတွင်း ပြန်လည်စဉ်းစားပေးပါရန် တောင်းဆိုရပါမည်။**

**၂။<u>ပြန်လည်စဉ်းစားခြင်း</u>။**ဤအဆင့်တွင်သင့်ကိုလူမှုဖူလုံရေး ဌာနမှ ဆရာဝန်ထံစစ်ဆေးစမ်းသပ်မှုခံယူရန်ပို့နိုင်ပါသည်။ ဤ ပြန်လည်စဉ်းစားပေးပါရန် တောင်းဆိုခြင်း အဆင့်၏ ဆုံးဖြတ်ချက်အဖြေကိုပုံမှန်အားဖြင့်၄လမျှစောင့်ရ ပါသည်။ ပြန်လည်စဉ်းစားပေးရန်တောင်းဆိုခြင်းလျှောက်လွှာများ၏ ၇၅ ရာခိုင်နှုန်းကျော်သည် ပယ်ချခံရပါသည်။ ပြန်လည်စဉ်းစားခြင်းလျှောက်လွှာအပယ်ခံရလျှင်နောက်တဆင့်သို့ တက်ရန် **ပယ်ချခံရသည့် ရက်မှ ရက် ၆၀ အတွင်း အမှုကြားနာပေးရန် စာရေး၍ တောင်းဆိုရပါမည်။ ** ။ ဤအဆင့်တွင် သင်၏ အမှုကိစ္စကို ကူညီရန် ရှေ့နေ လိုအပ်ပါမည်။**

---

*သို့မဟုတ်၊ **http://www.ssa.gov** တွင် လျှောက်ပါ။

** သို့မဟုတ်၊ **http://www.ssa.gov** တွင် လျှောက်ပါ။

**၃၊ <u>အမှုကြားနာခြင်း</u>။** အမှုကြားနာရက် ရရန် အမှုကြားနာခွင့် တောင်းဆိုပြီးသည်မှ ပုံမှန်အားဖြင့် **၉ လ** (သို့) **၉ လ ကျော်** စောင့်ရပါသည်။ အမှုကြားနာချိန်တွင် သင်သည် အစိုးရ တရားသူကြီး၏ ရှေ့မှောက်တွင် သက်သေထွက်ဆို ရပါမည်။ သင့်ရှေ့နေက လိုအပ်သော အထောက်အထားများကို ရှာဖွေ တင်သွင်း၍ သင့်ကိုအကူအညီပေးပါမည်။ **ဤအဆင့်တွင် အမှုကြားနာခွင့် တောင်းဆိုသူများ၏ သုံးပုံ နှစ်ပုံ နီးပါး အောင်မြင်ကြပါသည်။ ငြင်းပယ်ခံရပါက ရက်၆၀ အတွင်း အသနားခံ ကောင်စီ(Appeals Council) သို့အသနားခံလွှာ တင်ရပါမည်။**

**၄၊ <u>အသနားခံခြင်း</u>။** ဤအဆင့်တွင် ရုံးတွင်း အမှုကြားနာခြင်း အဆင့် တစ်ဆင့်သာ ရှိပါသည်။ ဗဟိုအစိုးရ တရားရုံး အဆင့်တွင်တော့ အသနားခံခြင်း အဆင့် နှစ်ဆင့် ရှိပါသည်။ ဤအဆင့်တွင်လည်း သင်အား ရှေ့နေက အမှုကိစ္စကို အကူအညီ ပေးနိုင်ပါသည်။

SWANSON, THOMAS, COON & NEWTON ဥပဒေအမှုဆောင် အဖွဲ့အစည်းအား ဆိုရှယ်စကူရေတီ လျှောက်သည့် မည်သူမဆို၊ မည်သည့်အဆင့်တွင်မဆို ဆက်သွယ် နိုင်ပါသည်။ မိမိတို့အဖွဲ့အစည်းမှ သင့်အား အမှုလိုက်ပေးသည် ဖြစ်စေ၊ မလိုက်သည်ဖြစ်စေ ဤလုပ်ငန်းစဉ်နှင့် ပတ်သက်၍ သင်တို့ မေးလိုသည့် မေးခွန်းများကို ဖြေကြားပေးပါမည်။ ကျွန်ုပ်တို့အား ဤဖုန်းနံပါတ် 503-228-5222 ၌ ဆက်သွယ်နိုင်ပါသည်။ သို့မဟုတ် အသေးစိတ် အချက်အလက်များကို အောက်ပါ အင်တာနက်ဝက်ဘ်စာမျက်နှာ တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

www.stc-law.com